## (၂) ရှေးဦး ဗုဒ္ဓသာသနာ

ဘီစီ ၃ ရာစု သာသနာပြုမင်း အာသောက ရာဇာ မတိုင်မီထိ ဗုဒ္ဓသာသနာသည် ဂင်္ဂါမြစ်ဝှမ်းနှင့် ၎င်း၏ ရှေးဟောင်း ပင်မဌာနေများ၌သာ ဖြေးဖြေးချင်း ပြန့်ပွားလျက် ရှိခဲ့၍၊ အသိုင်းအဝိုင်းအတွင်း စည်းကမ်း ဝိနည်း များနှင့် ပတ်သက်သော အငြင်းပွားဘွယ် ကိစ္စများကြောင့် ဗုဒ္ဓ၏ ဩဝါဒ မူရင်းများကို ပြန်လည် စုစည်းသည့် သံဃာယနာ နှစ်ကြိမ်တင်ခဲ့ပေသည်။

### (၂-၁) ပထမ သံဃာယနာ (ဘီစီ ၅ ရာစု)

ပထမ သံဃာယနာကို ဗုဒ္ဓ အာယုသင်္ခါရလွှတ်ပြီး မကြာမီကာလ၌ပင် ယနေ့ ရာဇ့်ဂျိဂျာရ် ဟုမည်သော ရာဂျာတ် ရီဟာ အရပ်တွင် ဗုဒ္ဓ၏ အဂ္ဂသာဝကကြီး ဖြစ်သော အရှင်မဟာကဿဖ ကြီးမှူးလျက် ကျင်းပခဲ့ပေသည်။ အ ကြောင်းမှာ ဗုဒ္ဓ၏ ဩဝါဒများနှင့် သွန်သင်မှု သုတ္တန်များကို ပြန်လည်မှတ်သားရန်နှင့် ရဟန်းများ အတွက် ဝိနည်းများကို သတ်မှတ်ရန်တို့ ဖြစ်ပေသည်။ ဗုဒ္ဓ၏ ညီဝမ်းကွဲလည်းဖြစ် အဓိက သာဝကများမှလည်း ဖြစ်သော အာနန္ဒာအား ဗုဒ္ဓ၏ ဟောပြောမှုများကို ဆင့်ပြန်စေပြီး၊ အခြားသော သာဝကကြီး ဖြစ်သည့် ဥပါလိအား ဝိနည်း ဥပဒေများကို ဆင့်ပြန်စေခဲ့ပေသည်။ ၎င်းတို့မှ ပိဋက ကျမ်းတော်၏ အခြေခံများ ဖြစ်လာ၍ ပါဠိ၊ တရုတ် တိဘက် ဘာသာများဖြင့် စုစည်းထားသည် ဟု ဗုဒ္ဓရာဇဝင် မှတ်တမ်းများ အရ လက်ခံထားပေသည်။

သံဃာယနာတင်သည် ဆိုခြင်းမှာ ဗုဒ္ဓဟောခဲ့သော တရားတော်များကို အမျိုးတူရာ၊ သဘောတူရာကို စု၍ ပိဋိကအားဖြင့်ခွဲ၍၊ နိကာယ်အားဖြင့် ခွဲ၍ မှတ်တမ်းတင်ခြင်း ဖြစ်ပေသည်။ ထိုအခါ ရှင်ပုရာဏထေရ်က "ငါ့ရှင် တို့ သံဃာယနာတင်ပွဲကို ကောင်းစွာ ပြုအပ်ပြီ၊ သို့ရာတွင် ငါမူကား ဗုဒ္ဓမျက်မှောက်တော်မှ ကြားနာ မှတ်သား သည့် အတိုင်း ဆက်လက် ဆောင်ရွက် ပါအံ့" ဟု မိန့်ကြားခဲ့လေသည်။

ထို့ကြောင့် ပထမသံဃာယနာတင်ပွဲ ပြုလုပ်စဉ်ကပင် ဗုဒ္ဓဟောကြားသည် ဆိုရာ၌ သဘောထားကွဲလွဲမှုကို စတင် တွေ့ရပေသည်။

### (၂-၂) ဒုတိယ သံဃာယနာ (ဘီစီ ၄ ရာစု)

အချို့သောသံဃာများ၏ စည်းကမ်းနည်းလမ်းများအပေါ် အမျိုးမျိုးသော လျော့ရဲမှုများနှင့် စပ်လျဉ်း၍ အချင်း ချင်း အငြင်းပွားမှုများ ရေချိန်မြင့်လာသောကြောင့် ပါဋလိပုတ်ပြည် ကာလာသောက မင်းကြီး၏ အာဏာစက်ဖြင့် ထောက်ပံ့၍၊ ရှင်သဗ္ဗကာမီထေရ်ဦးဆောင်၍ ဒုတိယ သံဃာယနာကို ကျင်းပခဲ့ပေသည်။ ပထမ သံဃာယနာတွင် မှတ်တမ်းတင်ခဲ့သော ဗုဒ္ဓ၏ ဩဝါဒများနှင့် ယခု ဝိနည်း လျော့ရဲမှုများသည် မကိုက်ညီ ကြောင်း ကို ပြသရန်သာ ဒုထိယသံဃာယနာအား ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။

ထိုသံဃာယနာတင်ပွဲတွင် သဘောထားကွဲလွဲသော ဝဇ္ဇီပုတ္တက ရဟန်းတို့က ရဟန်းတစ်သောင်းကို စုစည်း၍ ကောသမ္ဗီပြည်တွင် စင်ပြိုင် ပထမသံဃာယနာကို တင်ခဲ့ကြပေသည်။ ထိုစင်ပြိုင်သံဃာယနာ နှစ်ခုမှ နိကာယ်၊ ဝိနယ၊ အဘိဓမ္မာ၊ ပါဠိတော်များ ကွဲလွဲစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com